# ပြည်သူ့လွှတ်တော်ရုံး
## သုတေသနဌာန

# COVID– 19 ကပ်ရောဂါကို တုန့်ပြန်ရာတွင် ကမ္ဘာ့လွှတ်တော်များ၏ အခန်းကဏ္ဍနှင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးအသုံးစရိတ်ခွဲဝေမှု

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၃ ရက်


**အကျဉ်းချုပ်**

COVID–19 ဗိုင်းရပ်စ်ပျံ့နှံ့မှုကို အလျင်အမြန်တုန့်ပြန်နိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံအစိုးရများက အရေးကြီး၊ ဦးစားပေးမူဝါဒများချမှတ်ကာ ရောဂါထိန်းချုပ်ကုသနေကြပြီး ရှေ့ပြေးကျန်းမာရေးလုပ်ငန်းများ ခိုင်မာအားကောင်းစေရေးကို အဓိကဦးစားပေးဆောင်ရွက်လျက် ရှိပါသည်။ ရောဂါကိုထိန်းချုပ်ကာကွယ်ကုသရေးအတွက် နိုင်ငံတိုင်းတွင် ထိရောက်စွာအထောက်အပံ့ပြုပေးနိုင်မည့် ကျန်းမာရေးဆိုင်ရာဘဏ္ဍာရေးမူဝါဒတစ်ရပ်ချမှတ်ရန်အထူး လိုအပ်လာပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း(WHO)မှ COVID–19 နှင့် စပ်လျဉ်းသည့် ကျန်းမာရေးဆိုင်ရာ မူဝါဒများချမှတ်ရာတွင် ခိုင်မာအားကောင်းသည့် ကျန်းမာရေးစနစ်တစ်ရပ်ကို ချမှတ်ရန်လမ်းညွှန်လာပါသည်။ အစိုးရများအနေဖြင့် ကိုဗစ်ကာလအတွင်း အဓိကဦးစားပေးရမည်မှာ ဖြစ်နိုင်ချေရှိသောအကြောင်းအကျိုးများကို ချင့်ချိန်တွက်ချက်၍ ကျန်းမာရေးစနစ်အတွက် ရန်ပုံငွေဖြည့်တင်းရန်နှင့် လုံလောက်သောရငွေများကို မည်ကဲ့သို့မြှင့်တင်ခွဲဝေမည်နည်းဟူ၍ ဖြစ်ပါသည်။ သို့မှသာ နိုင်ငံသားများအားလုံး၏ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရရှိသောရန်ပုံငွေများကို အကောင်းဆုံး နည်းလမ်းဖြင့် အသုံးချသွားနိုင်မည် ဖြစ်ပါသည်။

ဤစာတမ်းတိုတွင် နိုင်ငံများ၏အစိုးရအသီးသီးမှ COVID–19 အတွက် ကျန်းမာရေးအသုံးစရိတ်များ ခွဲဝေချထားပေးနေခြင်း၊ ခွဲဝေချထားပေးသော အသုံးစရိတ်များကို ဥပဒေနှင့်အညီ အသုံးပြုနေခြင်းအပါအဝင် ကမ္ဘာ့နိုင်ငံအချို့၏ COVID–19 နှင့် ပတ်သက်၍ ကျန်းမာရေးဆိုင်ရာတုန့်ပြန်မှုများဆောင်ရွက်နေပုံများကို သိရှိနိုင်စေရန် ပြုစုရေးသားထားပါသည်။


**သုတေသနစာတမ်းတို အမှတ်စဉ်– ၁၅၂**

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | ရည်ရွယ်ချက် | ၃ |
| ၃။ | နည်းနာနိဿယများ | ၄ |
| ၄။ | COVID– 19 ကာလ ဘတ်ဂျက်ခွဲဝေသုံးစွဲမှု | ၄ |
| ၅။ | ကမ္ဘာ့နိုင်ငံအသီးသီးရှိ ဘတ်ဂျက်ခွဲဝေမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပုံ နည်းလမ်းများ | ၄ |
| ၆။ | အစိုးရများ၏ အခန်းကဏ္ဍ | ၇ |
| ၇။ | မြန်မာနိုင်ငံ၏ ဘတ်ဂျက်အသုံးစရိတ် | ၈ |
| ၈။ | မြန်မာနိုင်ငံအစိုးရ၏ဘတ်ဂျက်ခွဲဝေသုံးစွဲနေမှု | ၁၂ |
| ၉။ | လွှတ်တော်တွင်း ဆွေးနွေးချက်များ | ၁၃ |
| ၁၀။ | နိုင်ငံအချို့၏ ကျန်းမာရေးဆိုင်ရာ ဘတ်ဂျက်အသုံးစရိတ်များကို ခွဲဝေသုံးစွဲမှုများ | ၁၄ |
| ၁၁။ | သုံးသပ်ချက် | ၁၈ |
| ၁၂။ | နိဂုံး | ၁၉ |

## နိဒါန်း

၁။ ကုလသမဂ္ဂ၏ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင် (၃) ဖြစ်သော "သက်ရှည်မရွေး သက်တမ်းစေ့ကျန်းမာရေးနှင့် သာယာဝပြောရေး" ပန်းတိုင်အတွက် နိုင်ငံ့ခေါင်းဆောင်များက ပြည်သူများအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် ကျန်းမာရေးစီမံချက်များ၊ လုပ်ရှားဆောင်ရွက်နေမှုများသည် ယခု Covid-19 ကာလတွင်သိသာထင်ရှားနေသည်ကို မြင်တွေ့ရမည်ဖြစ်ပါသည်။ အာဆီယံ ဒေသတွင်းတွင် မြန်မာ နိုင်ငံသည် ကိုဗစ်ကပ်ရောဂါအတွက် အဆင့်သတ်မှတ်ချက်သည် အဆင့် (၅) တွင် ရှိပါသည်။ နိုင်ငံများ၏ ဆောင်ရွက်ပုံနည်းလမ်းများမတူညီသော်လည်း ရည်ရွယ်ချက်ပန်းတိုင်တူရမည်ဖြစ်ပါသည်။ အစိုးရများသည် နိုင်ငံအတွက် ဦးစားပေးအသုံးစရိတ်များကို ပြင်ဆင်ပြောင်းလဲပြီး (ဥပမာ- ချေးငွေများ၊ အရေးပေါ်ကျန်းမာရေးအသုံးစရိတ်များ)၊ အရေးပေါ်ဘဏ္ဍာရန်ပုံငွေအရပ်ရပ်ချမှတ်ပြီး ဆောင်ရွက်လျှက်ရှိကြပါသည်။

၂။ ကမ္ဘာတစ်ဝှမ်းတွင် ကိုဗစ် ၁၉ ကူးစက်ပျံ့နှံ့မှုမှာ (၂၁-၉-၂၀၂၀) ရက်နေ့ထိ နိုင်ငံပေါင်း (၂၁၅) နိုင်ငံ၊ ရောဂါကူးစက်ခံရသူပေါင်း (၃၁) သန်းကျော်ရှိပြီး၊ သေဆုံးသူ (၉) သိန်းကျော်နှင့် ပြန်လည်ကောင်းမွန်လာသူ (၂၂) သန်းကျော် ရှိပါသည်။ မြန်မာနိုင်ငံတွင် ၂၃-၃-၂၀၂၀ ရက်နေ့မှ စတင်၍ ကိုဗစ် ၁၉ ကူးစက်မှု စတင်တွေ့ရှိခဲ့ပြီး မြန်မာနိုင်ငံ၏ နေရာအနှံ့အပြားသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီးဒုတိယလှိုင်းအဖြစ် ဩဂုတ်လ (၁၆) ရက်နေ့တွင် ပြည်တွင်း ကူးစက်မှု ပြန်လည်ဖြစ်ပွားခဲ့ရာ (၂၁-၉-၂၀၂၀) ရက်နေ့ထိ ကူးစက်ခံရသူဦးရေ (၅၈၀၅) ဦးနှင့် သေဆုံးသူ (၉၄) ဦး ရှိပြီဖြစ်ပါသည်။

## ရည်ရွယ်ချက်

၃။ ဤစာတမ်းတို ရေးသားရခြင်း၏ ရည်ရွယ်ချက်မှာ-

(က) လက်ရှိဆောင်ရွက်နေသော ဘတ်ဂျက်အနေအထားမှ ကျန်းမာရေးအသုံးစရိတ် အပါအဝင် အခြားအသုံးစရိတ်များ ပြန်လည်ခွဲဝေသုံးစွဲမှုအား သိရှိနိုင်စေရန်၊

(ခ) Covid 19 ကို တုန့်ပြန်ရန်အတွက် ကျန်းမာရေးဘတ်ဂျက်များ မည်သို့ရရှိဆောင်ရွက်နေသည်ကို ပြန်လည်သုံးသပ်ရန်၊

(ဂ) အရေးပေါ်ရောဂါတိုက်ဖျက်ရေးအတွက် ဘတ်ဂျက်ငွေ သုံးစွဲမှုနှင့် ဘဏ္ဍာငွေစီးဆင်းမှုချောမွေ့စေရေး ဆောင်ရွက်ချက်များကို သိရှိစေရန်တို့ဖြစ်ပါသည်။

## နည်းနာနိဿယများ

၄။ ဤစာတမ်းတိုပါ အချက်အလက်များအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း(WHO)မှ ထုတ်ပြန်ချက်များ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များ၊ အခြားသော သက်ဆိုင်ရာအရင်းအမြစ်များ၊ IDEA အဖွဲ့အစည်းမှပဏာမတွေ့ရှိရေးသားချက်များနှင့် လွှတ်တော် တွင်း ဆွေးနွေးချက်များမှ ကောက်နှုတ်ရေးသားထားခြင်းဖြစ်ပါသည်။

## COVID– 19 ကာလ ဘတ်ဂျက်ခွဲဝေသုံးစွဲမှု

၅။ ကမ္ဘာ့ကူးစက်မြန်ရောဂါကို ထိန်းချုပ်တိုက်ဖျက်ရာတွင် လုံလောက်သော ပြည်သူ့ရံပုံငွေ တစ်ရပ်မလွဲမသွေလိုအပ်လာပါသည်။ အများပြည်သူဆိုင်ရာရံပုံငွေတစ်ရပ်ချမှတ်ရာတွင် မူလ ချမှတ်ထားသော ဘတ်ဂျက်ခွဲဝေမှု ဦးစားပေးအစီအစဉ်များကို ပြန်လည်ပြင်ဆင်ရေးဆွဲ သတ်မှတ် ရန်လိုအပ်ပါသည်။ ထိုသို့ဦးစားပေးအစီအစဉ်များ ပြန်လည်သတ်မှတ်ခြင်းသည် စီးပွားရေး၊ ကျန်းမာရေးစနစ်ကို ပြန်လည်မြှင့်တင်ရာတွင် အထောက်အကူပြုပါသည်။ ကိုဗစ်ရောဂါဒါဏ်ကို ဆိုးဆိုးဝါးဝါးထိခိုက်ခံစားရသည့် နိုင်ငံများသည် အမျိုးမျိုးသောဘတ်ဂျက်ခွဲဝေမှုတွင် ပြည်သူ့ ဘဏ္ဍာငွေ စီမံခန့်ခွဲမှုစနစ်နှင့် ဥပဒေများပေါ်မူတည်၍ သတ်မှတ်ကျင့်သုံးကြကြောင်း တွေ့ရှိရ ပါသည်။[1]

## ကမ္ဘာ့နိုင်ငံအသီးသီးရှိ ဘတ်ဂျက်ခွဲဝေမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပုံ နည်းလမ်းများ

**၆။** နိုင်ငံအသီးသီးရှိ လွှတ်တော်များသည် ကပ်ရောဂါကိုထိန်းချုပ်တုန့်ပြန်နိုင်ရေးအတွက် အသုံးစရိတ်အစီအစဉ်သစ်များကို ဆက်စပ်ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများ၊ မူဝါဒများကို ဥပဒေသစ်တစ်ရပ်ရေးဆွဲ၍ အချိန်တိုအတွင်း ကူးစက်ရောဂါကာကွယ်ရေးအတွက် ပြဋ္ဌာန်းကြရ သည်။ ၎င်းဥပဒေသစ်များတွင် အရေးတကြီးသုံးစွဲရမည့် အသုံးစရိတ်များမှစ၍ ကုန်ကျစရိတ် များကို ခန့်မှန်းတွက်ချက်၍ ထည့်သွင်းပြဋ္ဌာန်းကြပါသည်။ နိုင်ငံတော်အသုံးစရိတ်များကို “မည်မျှထားမည်လဲ၊ မည်သို့ခွဲဝေမည်လဲ” စသည်ဖြင့် သတ်မှတ်ဖော်ထုတ်ထားရှိပြီး COVID–19 နှင့် စပ်လျဉ်း၍ ဘတ်ဂျက်ကိုမဖြတ်တောက်ဘဲခွင့်ပြုပေးရန် ဆောင်ရွက်ထားရှိကြပါသည်။ အချို့

[1] WHO, How to budget for COVID-19 response?, available from: https://www.who.int/docs/default-source/health-financing/how-to-budget-for-covid-19-english.pdf?sfvrsn=356a8077_1 မှ ရရှိပါသည်။ access date{၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၆ ရက်}

သောနိုင်ငံများတွင်COVID-19နှင့် မသက်ဆိုင်သော မူလဘတ်ဂျက် လျာထားချက်အားသုံးစွဲမည့် ဝန်ကြီးဌာနများ၏ လုပ်ငန်းများအတွက် လျာထားချက် ၌ ၁၅ ရာခိုင်နှုန်း မှ ၃၀ ရာခိုင်နှုန်းအထိ လျှော့ချထားသည်ကို တွေ့ရှိရပါသည်။

၇။ ဘတ်ဂျက်ကိုအသစ်ပြန်လည်ရေးဆွဲပြဋ္ဌာန်းရာတွင်လည်းကောင်း၊ နောင်ရေးဆွဲမည့် ဘတ်ဂျက်များတွင်လည်းကောင်း အရေးပေါ်ကိစ္စရပ်များအတွက် အဆင်သင့်သုံးစွဲနိုင်အောင် မည်သို့ သုံးစွဲရမည်ကို ရေးဆွဲကြရပါသည်။ လက်ရှိ COVID-19 ကာလတွင် နိုင်ငံအသီးသီးရှိ လွှတ်တော်များတွင် အရေးပေါ်အခြေအနေအတွက် အသုံးစရိတ်ဥပဒေကြမ်းများကို မြန်ဆန်စွာ ထောက်ခံ ခြင်း၊ သဘောတူခြင်းများ ခွင့်ပြုခဲ့ကြကြောင်း တွေ့ရှိရပါသည်။

၈။ ယေဘုယျအားဖြင့် နိုင်ငံအသီးသီးရှိလွှတ်တော်များ၏ ဘတ်ဂျက်ဆွေးနွေးမှုကာလသည် ယခင်ကကြာမြင့်သော်လည်း ယခုအရေးပေါ်ကာလမျိုးတွင် နာရီပိုင်းနှင့်ပြီးစီးအောင် ကိုယ်စားလှယ်များသည် ဆွေးနွေးနိုင်ခဲ့ကြပါသည်။ လွှတ်တော်ရပ်နားချိန်တွင်ပင် အရေးပေါ် ဘတ်ဂျက်ကို ခွင့်ပြုပြဋ္ဌာန်းနိုင်သည်ကို တွေ့ရှိရပါသည်။ အချို့နိုင်ငံများတွင် ရောဂါကူးစက်မှု ဒါဏ်အလျင်အမြန်ဖြင့် ဆိုးဆိုးဝါးဝါးကူးစက်ခံနေရသည့်တိုင် ဘတ်ဂျက်ဥပဒေအသစ်များ ပြဋ္ဌာန်း နိုင်ခြင်းရှိသည်ကိုလည်း တွေ့ရှိရပါသည်။ ထိုအခြေအနေတွင် အထူးကင်းလွတ်ခွင့်ကို ရယူ ဆောင်ရွက်ပြီး အသုံးစရိတ်များကို လျာထားအတည် ပြုသုံးစွဲရပါသည်။[2]

၉။ ကမ္ဘာ့နိုင်ငံအချို့တွင် COVID-19 ကပ်ရောဂါတုန့်ပြန်မှုအစီအမံများအဖြစ် ကျန်းမာရေး ကဏ္ဍာတွင်အသုံးစရိတ်များ ထပ်တိုးသုံးစွဲနေမှု အခြေအနေများအား တစ်ဖက်ပါအတိုင်းတွေ့ရှိ ရပါသည်-

| စဉ် | နိုင်ငံအမည် | သုံးစွဲသည့် အကြောင်းအရာ | ထပ်တိုးအသုံးစရိတ် |
|---|---|---|---|
| ၁။ | ဂျပန် | နှာခေါင်းစည်းနှင့် အသက်ရှူစက်များ အစရှိသည့် အရေးကြီးသော ပစ္စည်းများထုတ်လုပ်၊ ဝယ်ယူ၊ ဖြန့်ဖြူးခြင်း၊ | ဂျပန်ယန်း ၄.၁ ထရီလီယံ |

[2]WHO, How to budget for COVID-19 response?, available from: https://www.who.int/docs/default-source/health-financing/how-to-budget-for-covid-19-english.pdf?sfvrsn=356a8077_1 မှ ရရှိပါသည်။ access date{၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၆ ရက်}

| | | | |
|---|---|---|---|
| | | ဒေသဆိုင်ရာအစိုးရများထံသို့ ဆေးဝန်ထမ်းများနှင့် အတွေ့အကြုံရှိ ကျန်းမာရေးဝန်ထမ်းများအားလုံးကို ငွေကြေးထောက်ပံ့နိုင်ရေး အပါအဝင်ကျန်းမာရေးနှင့် ကာလရှည်တုန့်ပြန်မှုများဆောင်ရွက်နိုင်ရန် အသုံးစရိတ်များလွှဲပြောင်းပေးခြင်း၊ | |
| | | အခြားကျန်းမာရေးနှင့် ပတ်သက်သည့် တုန့်ပြန်မှု- ကာကွယ်ဆေး ထုတ်လုပ်ခြင်း၊ | |
| ၂။ | ကိုရီးယား | -ပထမအကြိမ် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းတွင် ကပ်ရောဂါထိန်းချုပ်ခြင်းနှင့် ကုသခြင်း၊ ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ရောဂါထိန်းချုပ် စောင့်ကြည့်ခံ မိသားစုများကို ထောက်ပံ့ခြင်း၊ | ဝမ် ၂.၁ ထရီလီယံ |
| | | -တတိယအကြိမ် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းတွင် ရောဂါရှာဖွေရေး လုပ်ငန်းများနှင့် ကုသရေးဆိုင်ရာဌာနများ၊ Smart Medical Centerများတိုးချဲ့ခြင်း၊ ကုသရေးနှင့် ကာကွယ်ဆေးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ နိုင်ငံတကာအဆင့်မီစမ်းသပ်၊ ရှာဖွေ၊ ကုသစနစ်များ တိုးတက်အောင် ဆောင်ရွက်ခြင်း၊ တရားဝင်ဖွံ့ဖြိုးမှုအကူအညီများအဖြစ် COVID-19 response kits and tools များ တိုးမြှင့်ထောက်ပံ့ခြင်း။ | ဝမ် ၂.၅ ထရီလီယံ |

| | | | |
|---|---|---|---|
| ၃။ | တရုတ် | ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အမျိုးသား အဆင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်စီမံခန့် ခွဲမှုစနစ်တိုးတက်ရေးအတွက် အသုံးစရိတ်များ သုံးစွဲခြင်း၊ | တရုတ်ယွမ်၁၄၇ ဘီလီယံ |
| ၄။ | အိန္ဒိယ | COVID–19 ကပ်ရောဂါ စစ်ဆေးရေးပစ္စည်း များ၊ PPE၊ Isolation Beds၊ ICU Beds များနှင့် အသက်ရှူစက်များအပါအဝင် ကျန်းမာရေးဆိုင် ရာအခြေခံအဆောက်အဦများအတွက် ထပ်တိုး သုံးစွဲခြင်း၊ | ရူပီး ၁၅၀ ဘီလီယံ |
| ၅။ | ပါကစ္စတန် | အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က ကျန်းမာရေးစောင့်ရှောက် မှု ကိရိယာပစ္စည်းများ၊ စစ်ဆေးရေး ကိရိယာ များဝယ်ယူရန် အထွေထွေပြည်သူ့ကျန်းမာရေး စရိတ်များ မြှင့်တင်သုံးစွဲခြင်း၊ | ပါကစ္စတန်ရူပီး ၇၅ ဘီလီယံ |
| | | COVID–19 ကပ်ရောဂါကိုတိုက်ဖျက်ရန် အရေး ပေါ်ရန်ပုံငွေတစ်ရပ်ထူထောင်ကာ ဘတ်ဂျက် ခွဲဝေပေးခြင်း။ | ပါကစ္စတန်ရူပီး ၁၀၀ ဘီလီယံ[3] |

## အစိုးရများ၏ အခန်းကဏ္ဍ

၁၀။ COVID–19 အရေးပေါ်ဖြစ်ပွားသည့်အခါ နိုင်ငံတကာရှိ အစိုးရများစွာသည် ကိုဗစ်ကို ရှေ့တန်းမှ ဆောင်ရွက်သူ (Frontiers) များထံ အချိန်နှင့်တပြေးညီငွေထုတ်ပေးခြင်း၊ အသုံး စရိတ်ချပေးခြင်းများအား ဆောင်ရွက်လျက်ရှိရပါသည်။ ထိုသို့ဆောင်ရွက်ပေးခြင်းသည် အရေးကြီးပြီးလိုအပ်ချက် Expenditure Tracking ဟုခေါ်သည့် အရေးပေါ်ငွေစီးဆင်းမှု

[3] IDEA Myanmar၊ COVID–19 ကမ္ဘာ့ကပ်ရောဂါကို ဒေသတွင်းရှိ မြန်မာ့အိမ်နီးချင်းနိုင်ငံများက မည်သို့တုန့်ပြန်ဆောင်ရွက်လျက်ရှိနေပါသနည်း? မှ ထုတ်နှုတ်တင်ပြခြင်းဖြစ်ပါသည်။ ကြည့်ရှုသည့်ရက် {၂၀၂၀ ပြည့်နှစ်၊ သြဂုတ်လ ၂၇ ရက်}

လမ်းကြောင်းကို ခြေရာခံလိုက်ခြင်းအတွက် အရေးပါလှပါသည်။ ဗဟိုအစိုးရ အသီးသီးက အရေးပေါ်ချမှတ်ပေးသော ရန်ပုံငွေများကိုစနစ်ကျနစွာဖြင့် လေ့လာစိစစ်အကဲဖြတ်မှုများ ဆောင်ရွက်ပေးရပါသည်။ ဘဏ္ဍာငွေကြိုတင် ချပေးရသည့်အခါအလွဲ သုံးစားမှုများ၊ လိမ်လည်မှုများ ဖြစ်နိုင်ချေရှိသည့်အတွက် သုံးစွဲပြီးနောက် ပြန်လည်စစ်ဆေးထိန်းကြောင်းနိုင်ရန် ထိန်းချုပ်စနစ်များ ကြိုတင်ချမှတ်ထားသင့်ပါသည်။[4] အရေးပေါ်ဆုံးဖြတ် ချမှတ်ပေးသော အထူးရန်ပုံငွေ များကို လေ့လာစောင့်ကြည့်ထိန်းကျောင်းမှု၊ ယာယီ/အထူးအဖွဲ့အစည်း သို့မဟုတ် ကော်မတီများ ဖွဲ့စည်းထားရှိရန် လိုအပ်ပါသည်။ ဖိလစ်ပိုင်၊ ထိုင်း၊ အင်ဒိုနီးရှားနှင့် တောင်အာဖရိက နိုင်ငံများ၏ လွှတ်တော်များတွင် ထိုကဲ့သို့သော Ad-Hoc ကော်မတီများကို ထပ်မံ၍သီးခြားဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။[5]

၁၁။ အစိုးရမူဝါဒချမှတ်သူများအနေဖြင့် COVID-19 တုန့်ပြန့်မှုဆိုင်ရာ အသုံးစရိတ်အချက်အလက်များအားလုံးကို သိရှိရန်လိုအပ်သကဲ့သို့ တိကျမှန်ကန်သော သုံးစွဲမှုနှင့် ငွေကြေးစီးဆင်းမှုများကို ခြေရာခံနိုင်ရန် ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု (Integrated Financial Manangement Information System) စနစ်တရပ်ကို တီထွင်အသုံးပြုရန်လည်း လိုအပ်ပါသည်။ ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများ၊ ရောဂါတိုက်ဖျက်နေသည့် ကျန်းမာရေးဌာနများသည် ငွေကြေးနှင့် ပတ်သက်၍ တာဝန်ခံရန်လိုအပ်လှပါသည်။[6]

## မြန်မာနိုင်ငံ၏ ဘတ်ဂျက်အသုံးစရိတ်

၁၂။ ကမ္ဘာ့ကပ်ရောဂါကြောင့် တစ်ကမ္ဘာလုံးရှိ အစိုးရများသည် ၎င်းတို့၏ ဘဏ္ဍာငွေသုံးစွဲမှုများကို ပြန်လည်ပြင်ဆင်ရေးဆွဲ လျှက်ရှိပါသည်။ ထို့အတူ မြန်မာနိုင်ငံသည်လည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အတွက် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စု လွှတ်တော်သို့တင်သွင်းခဲ့ပြီး ပြဋ္ဌာန်းခဲ့ပါသည်။[7] ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်

---

[4] WHO, How to budget for COVID-19 response?, available from: https://www.who.int/docs/default-source/health-financing/how-to-budget-for-covid-19-english.pdf?sfvrsn=356a8077_1 မှ ရရှိပါသည်။ access date{၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၆ ရက်}

[5] IDEA Myanmar မှ ရရှိပါသည်။

[6]WHO, How to budget for COVID-19 response?, available from: https://www.who.int/docs/default-source/health-financing/how-to-budget-for-covid-19-english.pdf?sfvrsn=356a8077_1 မှ ရရှိပါသည်။ access date{၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၆ ရက်}

[7] BNI Multimedia Group၊ Covid-19 ကာလ ဘဏ္ဍာရေးစီမံခန့်ခွဲမှု အစိုးရက ဘယ်လိုလုပ်မလဲ၊ https://www.bnionline.net/mm/news-72518 မှ ရရှိပါသည်။ ကြည့်ရှုသည့်ရက် {၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၆ ရက်}

ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအပေါ် ငွေကြေးဆိုင်ရာသုံးသပ်ချက် အစီရင်ခံစာ အမှတ်စဉ် (၁၂/၂၀၂၀) အရ ၂၀၁၁-၂၀၁၂ (အမှန်) စာရင်းအရ ကျန်းမာရေး အသုံးစရိတ်သည် ၈၇ ကျပ်ဘီလီယံဖြစ်ပြီး ၂၀၂၀-၂၀၂၁ (ပြုပြင်ပြီးခန့်မှန်းခြေ) စာရင်းအရ ၁,၄၃၁ ကျပ်ဘီလီယံတိုးမြှင့်လာသည်ကို တွေ့ရှိရပြီး ရာခိုင်နှုန်းအားဖြင့် (၁၀) နှစ်တာကာလ အတွင်း ကျန်းမာရေးအသုံးစရိတ်သည် ၁၆၄၄.၈၃ ရာခိုင်နှုန်း တိုးမြှင့်သုံးစွဲရန်လျာထားပါသည်။ ပြည်ထောင်စုအသုံးစရိတ်တွင် ပါဝင်မှုရာခိုင်နှုန်းသည် ၄.၁၃ ရာခိုင်နှုန်း ဖြစ်ပါသည်။

၁၃။ CERP စီမံချက်အရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ကျန်းမာရေးစနစ် စောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဖော်ပြပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်-

**(ကျပ်ဘီလီယံ)**

| **စဉ်** | **အကြောင်းအရာ** | **ရန်ပုံငွေ** | |
|---|---|---|---|
| | | **ပြည်သူ့ ကျန်းမာရေး ဦးစီးဌာန** | **ကုသရေး ဦးစီးဌာန** |
| ၁။ | covid-19 ကာကွယ်ထိန်းချုပ် ကုသရေးအတွက်လိုအပ်သော ဆေးဘက်ဆိုင်ရာ ပစ္စည်းများ (Masks၊ PPE၊ ဆေးဝါးများ၊ အသက်ရှူစက်များ၊ ICUသုံးပစ္စည်းများ၊ နှလုံးရောဂါကုစက်များအပါအဝင်) ဝယ်ယူဖြည့်တင်းရေးလုပ်ငန်းစဉ် မကြန့်ကြာစေဘဲ ချက်ချင်းတင်သွင်းရန်။ | ၁၀.၆၁၁ | ၅၉.၇၀၅ |
| ၂။ | လက်ဆေးနိုင်ရေးအတွက် အဆင်ပြေမည့်နေရာများတွင် ဆောင်ရွက်ထားရန်။ | ၀.၉၆၀ | - |
| ၃။ | ပိုးသတ်ဆေးဖြန်းသည့် အဖွဲ့များဖြင့် ပိုးသတ်ဆေးဖြန်းသည့် နေရာများ တိုးမြှင့်ဆောင်ရွက်ရန်။ | ၀.၀၅၉ | - |

| | | | |
|---|---|---|---|
| ၄။ | ရွှေ့လျားစစ်ဆေးနိုင်သည့် အဖွဲ့များအမြန်ဆုံးဖွဲ့စည်းရန်။ | ၀.၀၈၇ | – |
| ၅။ | စွန့်ပစ်ပစ္စည်းနှင့် စွန့်ပစ်ရေး၊ ရေနုတ်မြောင်းစနစ် စီမံခန့်ခွဲမှုတို့ကို မြှင့်တင်ဆောင်ရွက်ရန်။ | ၅.၉၅၁ | – |
| ၆။ | ကျန်းမာရေးလုပ်သားများကို ကာကွယ်ရေးဝတ်စုံများ၊ အထောက်အပံ့များ လုံလုံလောက်လောက်ပေးရန်။ | ၂၆.၆၄၆ | – |
| ၇။ | ဓါတ်ခွဲခန်းများကို အဆင့်မြှင့်တင်ရန်။ | – | ၃၇.၅၄၇ |
| ၈။ | ဆေးရုံများနှင့် ကျန်းမာရေးဌာန အဆောက်အဦများကို အဆင့်မြှင့်တင်ရန်။ | ၁.၁၁၀ | ၁၀၂.၇၂၇ |
| ၉။ | ကျန်းမာရေးဌာနများတွင် လျှပ်စစ်ဓါတ်အား လုံလောက်စွာ ရရှိရန်။ | ၂၂.၅၀၀ | – |
| **စုစုပေါင်း** | | **၆၇.၉၂၄** | **၁၉၉.၉၇၉** |
| **ပြည်သူ့ကျန်းမာရေး+ကုသရေး စုစုပေါင်း** | | **၂၆၇.၉၀၃** | |

၁၄။ ၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် COVID– 19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ရန်ပုံငွေလွှဲပြောင်းသုံးစွဲသည့် ဝန်ကြီးဌာနများ၏ အသုံးစရိတ်များ အနေဖြင့် သုံးစွဲရန်လျာထားသည့်ငွေ စုစုပေါင်း (ကျပ်သန်းပေါင်း) ၃၀၄,၁၄၁.၈၈၇ ရှိရာ သုံးစွဲပြီးငွေ (ကျပ်သန်းပေါင်း) ၁၄၀,၆၁၉.၀၁၂ ရှိပြီဖြစ်ပါသည်။[8]

၁၅။ ကမ္ဘာလုံးဆိုင်ရာ COVID–19 ရောဂါ အရေးပေါ်တုန့်ပြန်ရေးလုပ်ငန်းများအတွက် ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံအား USD သန်း ၅၀ အား အစိတ်အပိုင်းတစ်ခုအနေဖြင့် ထုတ်ချေးမည်ဖြစ်ပါသည်။ စီမံကိန်း တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဗဟိုအဆင့် ဆေးရုံ ၈ ခုနှင့် ပြည်နယ်အဆင့် ဆေးရုံ ၄၃ ခုပါဝင်ပါသည်။ အထူးသဖြင့် လူဦးရေထူထပ်သည့်ဒေသများ၊

[8] ၂၀၂၀–၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအပေါ် ငွေကြေးဆိုင်ရာ သုံးသပ်ချက်အစီရင်ခံစာ အမှတ်စဉ် (၁၂/၂၀၂၀)၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၉ ရက် နေ့ထုတ် ပြည်ထောင်စုလွှတ်တော် အစီရင်ခံစာမှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ သြဂုတ်လ ၂၅ ရက်)

ခရီးသွားလာသူများနှင့် ရွှေ့ပြောင်းအလုပ်သမားများ အများဆုံးရှိသည့်ဒေသများကို ဦးစားပေး ဆောင်ရွက်လျှက် ရှိပါ သည်။

၁၆။ ချေးငွေများကို တစ်နိုင်ငံလုံးရှိ ပဏာမကျန်းမာရေးစောင့်ရှောက်မှုဌာန ၁၂၀၀ ကျော် အတွက် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပြီး တိုင်းနှင့်ပြည်နယ်အားလုံးရှိ ရောဂါစောင့်ကြည့်ရေး လုပ်ငန်းများနှင့် ရောဂါရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ သံသယလူနာများနှင့် စပ်လျဉ်း သည့် သတင်းအချက်အလက်များ မှန်ကန်စွာဖော်ထုတ်နိုင်ရန်နှင့် တင်ပြဆောင်ရွက်နိုင်ရန်၊ တိုင်းရင်းသားများနေထိုင်ရာဒေသများရှိ ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် အဖွဲ့များအပါအဝင် အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား လမ်းညွှန်ချက်များ ဖြန့်ဝေခြင်း နှင့် ရပ်ရွာအတွင်းသံသယ လူနာစောင့်ကြည့်ခြင်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် အများပြည်သူ အတွက် သတင်းအချက်အလက်များ မျှဝေခြင်းလုပ်ငန်းများနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စတင်အသုံးပြုလျက်ရှိပါသည်။[9]

၁၇။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ COVID-19 တိုက်ဖျက်ရေးဆိုင်ရာလှုပ်ရှားမှု အတွက် စုစုပေါင်း ဒေါ်လာ ၅ သန်းတန်ဖိုးရှိသော အစပျိုးအဆိုပြုချက်တစ်ခုကို ထုတ်ပြန်ခဲ့ ပါသည်။ ၎င်းအဆိုပြုချက်တွင် အဓိကပြည်သူ့ကျန်းမာရေး အစီအမံများဖြစ်သော မည်သည့် ရောဂါမဆို ကပ်ရောဂါအသွင် ဖြစ်ပွားမှု အစောပိုင်းအဆင့်တွင် ကြိုတင်ကာကွယ်ရန်နှင့် ပြည်သူ လူထုထဲတွင် ဖြစ်ပွားမှုနှင့် နိုင်ငံတကာ ဝင်ပေါက်များကို စောင့်ကြပ်ကြည့်ရှုခြင်း၊ အန္တရာယ်နှင့် အဖြစ်အပျက် သတင်းအချက်အလက်များကို ပြည်သူလူထုသို့ ဆက်သွယ်ဖြန့်ဝေ ပေးခြင်း၊ ဆေးဝါးမဟုတ်သော ဆေးဘက်ဆိုင်ရာ ခါတ်ခွဲပစ္စည်းများ ပံ့ပိုးပေးခြင်း၊ Covid-19 နှင့် စပ်လျဉ်း၍ အသိပညာမြှင့်ပေးခြင်းတို့ ပါဝင်ပါသည်။[10]

[9]ခင်ရတနာ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ကိုဗစ်-၁၉ ရောဂါတုန့်ပြန်ရေးအတွက် မြန်မာနိုင်ငံသို့ ဒေါ်လာသန်း ၅၀ ကမ္ဘာ့ဘဏ်ထုတ်ချေးမည်၊ moi.gov.mm/?q=node/35866 မှ ရရှိပါသည်။ ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၆ ရက်

[10] WHO၊ WHO Myanmar newsletter၊ https://www.who.int/docs/default-source/searo/myanmar/documents/newsletter-issue-61-mmr.pdf?sfvrsn=46015daf_0 မှရရှိပါသည်။ ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၄ ရက်

## မြန်မာနိုင်ငံအစိုးရ၏ဘတ်ဂျက်ခွဲဝေသုံးစွဲနေမှု

၁၈။ နိုင်ငံတော်အစိုးရအနေဖြင့် Covid-19 ကာကွယ်၊ ထိန်းချုပ်ကုသရေးလုပ်ငန်းများ အတွက် အမျိုးသားအဆင့်ကော်မတီ၊ Covid-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုန့်ပြန်ရေး ကော်မတီ၊ Covid-19 ကြောင့် ဖြစ်ပေါ်လာနိုင်သော စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်း ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရသုံးဆိုင်ရာဥပဒေတွင်ပါဝင်သော အရေးပေါ်ရန်ပုံငွေကို အောက်ပါ အတိုင်း ခွဲဝေချမှတ်ထားပါသည်-

(က) စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ကျပ် (၅၀) ဘီလီယံ

(ခ) ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီး ဌာနများ ကျပ် (၃၆) ဘီလီယံ

(ဂ) တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ ကျပ် (၁၄) ဘီလီယံ ဖြင့်

စုစုပေါင်း ကျပ် ၁၀၀ ဘီလီယံကို ခွဲဝေချထားပေးပြီး ဥပဒေပါပြဋ္ဌာန်းချက်များနှင့် အညီ သုံးစွဲရန်နှင့်သုံးစွဲရမည့် ကိစ္စရပ်များအား ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာန များ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ အားလုံးထံသို့ ညွှန်ကြားချက်များ ထုတ်ပြန်ပြီး သုံးစွဲစေခဲ့ပါသည်။

၁၉။ ထို့အပြင် ပြည်ထောင်စုဝန်ကြီးဌာနအသီးသီး၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မူလခန့်မှန်း ခြေအသုံးစရိတ်မှ ရန်ပုံငွေလွှဲပြောင်းသုံးစွဲနိုင်ရေးနှင့် အရေးတကြီးမလိုအပ်သေးသော အသုံး စရိတ်များကို အထွေထွေပိုလျှံရန်ပုံငွေ (General Reserve Fund) သို့ ပြန်လည်အပ်နှံစေပြီး Covid-19 ကာကွယ်ထိန်းချုပ် ကုသရေးဆိုင်ရာ အသုံးစရိတ်များ သုံးစွဲရန်လိုအပ်နေသော ဝန်ကြီး ဌာနများသို့ ခွဲဝေချထားပေးပါသည်။ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများအတွက် ပြည်တွင်း ပြည်ပမှ အလှူရှင်များ လှူဒါန်းနိုင်ရေးအတွက်လည်း ဘဏ်အကောင့်များဖွင့်လှစ်ထားရှိပြီး ၎င်းမှလည်း ထည့်သွင်းသုံးစွဲ လျက်ရှိပါသည်။ ထို့ပြင် ပြည်ပချေးငွေများအနေဖြင့် IMF မှ USD$၇၀၀ သန်း၊ World Bank မှ USD$ ၅၀ သန်း၊ AGD မှ USD$ ၃၀ သန်း၊ JICA မှ ဂျပန်ယန်း ၃၀ ဘီလီယံ တို့ကို ချေးယူ ထားပြီးဖြစ်ပါသည်။ ထို့ပြင် ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများ၊

စီးပွားရေးလုပ်ငန်းများ နှင့်လူမှုရေးသက်ရောက်မှုများအပေါ် တုန့်ပြန်ဆောင်ရွက်နိုင်ရေး အစီအစဉ်များကို အကောင်းဆုံးစီမံဆောင်ရွက်ထားပြီးဖြစ်သောကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အရေးပေါ်ရန်ပုံငွေကို တိုးမြှင့်ရန်အစီအစဉ် မရှိခဲ့ကြောင်းလည်း သိရှိရပါ သည်။[11]

၂၀။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် Covid-19 အတွက် ကမ္ဘာ့ဘဏ်ချေးငွေ အပါအဝင် ချေးငွေများဖြင့် ဆောင်ရွက်လျက်ရှိသော လက်ရှိစီမံကိန်းများမှ လွှဲပြောင်းသုံးစွဲလျက်ရှိပါသည်။ ယခု ကမ္ဘာ့ဘဏ်မှ ချေးယူခဲ့သည့် အမေရိကန်ဒေါ်လာ သန်း ၅၀ ကို သုံးစွဲရန်စီစဉ်ထားမှုတွင် ဗဟိုနှင့်တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ဆင့် ပြည်သူ့ဆေးရုံကြီးများတွင် အထူးကြပ်မတ်ကုသဆောင်များနှင့် လူနာဆောင်များ အဆင့်မြှင့်တင်ရန်နှင့် ကုသရေးစွမ်းရည်အား မြှင့်တင်ရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ ထိုသို့ ချေးငွေများကို သုံးစွဲသည့်အခါ ရရှိနိုင်သည့် Resourceနှင့် Cost Effectiveness ပေါ်တွင် မူတည်၍ သုံးစွဲလျက်ရှိပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ပြည်သူ့ကျန်းမာရေးနှင့်ပတ်သက်သည့် ရောဂါရှာဖွေရေးနှင့် ကုသရေးလုပ်ငန်းများအတွက် ပြည်သူ့ကျန်းမာရေး ရန်ပုံငွေမှ ၇.၃ ဘီလီယံ၊ ကုသရေးမှ ၁၁.၂ ဘီလီယံ၊ အရေးပေါ်ရံပုံငွေမှ သန်း ၃၀၀ လျာထားငွေထဲမှ ၆၆ သန်း အသုံးပြုပြီး မိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်တွင်းအလှူရှင်များ၏ ဓါတ်ခွဲစစ်ဆေးမှု လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၈.၇ သန်း ကို အသုံးပြုထားပြီး ဖြစ်ပါသည်။[12]

## လွှတ်တော်တွင်း ဆွေးနွေးချက်များ

၂၁။ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် လိုအပ်သည့် ဘတ်ဂျက်လျာထားသုံးစွဲမှုများနှင့် ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး ဥပဒေ မူကြမ်း တင်သွင်းခဲ့ပါသည်။ ကမ္ဘာ့ဘဏ်ချေးငွေ သန်း ၅၀ အား စီမံချက်တစ်ခုအနေဖြင့် တင်ပြခဲ့ပါသည်။ စီမံချက်ကို **"မြန်မာနိုင်ငံ၏ COVID-19 အရေးပေါ်တုံ့ပြန်ရေး စီမံချက်"** ဟူ၍ အမည်ပေး၍ စီမံချက်သက်တမ်းကာလမှာ ၂၀၂၀ ပြည့်နှစ် ဧပြီလ မှ ၂၀၂၂ မတ်လ အထိ (၂) နှစ်

---

[11] ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှအစည်းအဝေး ပဥ္စမနေ့ တွင်ကျင်းပပြုလုပ်သည့် ဒေါက်တာသက်သက်ခိုင်(ဒဂုံမဲဆန္ဒနယ်) ၏ မေးမြန်းချက်များတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ၏ ဖြေကြားချက်မှ ကောက်နှုတ်ထားခြင်းဖြစ်ပါသည်။ ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၄ ရက်

[12] ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှအစည်းအဝေး ပဥ္စမနေ့ တွင်ကျင်းပပြုလုပ်သည့် ဒေါက်တာသက်သက်ခိုင်(ဒဂုံမဲဆန္ဒနယ်) ၏ မေးမြန်းချက်များတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ၏ ဖြေကြားချက်မှ ကောက်နှုတ်ထားခြင်းဖြစ်ပါသည်။ ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၄ ရက်

ဖြစ်ပါသည်။ စီမံချက်၏ ရည်မှန်းချက်မှာ **“ကမ္ဘာ့အနှံ့ဖြစ်ပွားသော COVID-19 ကပ်ရောဂါကို တုံ့ပြန်မှုများ ဆောင်ရွက်နိုင်ရန်နှင့် ဖြစ်ပေါ်နိုင်သည့် ကပ်ရောဂါများအတွက် အမျိုးသား ကျန်းမာရေးစနစ်ကို အားဖြည့်ဆောင်ရွက်ရန်”** ဖြစ်ပါသည်။ အဆိုပါ စီမံချက်တွင်ပါဝင်မည့် လုပ်ငန်းများမှာ ချေးငွေမှ ငွေလုံးငွေရင်းအသုံးစရိတ်ဖြစ်သော အမေရိကန်ဒေါ်လာ ၄၈.၅ သန်းကို နိုင်ငံ ဗဟိုအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ဆေးရုံကြီးများရှိ အထူးကြပ်မတ်ကုသဌာန (Intensive Care Unit) များကို အခြေခံကြပြီး အရေးကြီးသည့်အောက်စီဂျင်ဖြင့် ကုသမှု ပေးနိုင်မည့် အခြေအနေများ ဖြည့်ဆည်းရန်၊ လိုအပ်သည့် ဆေးရုံသုံးပစ္စည်း ကိရိယာများအား ဝယ်ယူဖြည့်ဆည်းပေးရန် ရည်ရွယ်ပါသည်။ စီမံချက်တွင်ပါဝင်သည့်ဆေးရုံများမှာ ဗဟိုအဆင့် ဆေးရုံ ၁၁ ရုံ၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ခုတင် (၂၀၀) နှင့်အထက် ၄၁ ရုံ၊ ခုတင် (၁၀၀) ဆံ့ ဆေးရုံ ၉ ရုံတို့ ပါဝင်ပါသည်။[13] (၁၆) ကြိမ်မြောက်ပုံမှန်အစည်းအဝေးများတွင် ချေးငွေများ အနေဖြင့် ကျန်းမာရေးဆိုင်ရာတုန့်ပြန်မှု အရေးပေါ်စီမံချက်အတွက် World Bank ၏ IDA မှ USD သန်း ၅၀ ချေးယူသည့် ကိစ္စရပ်အား ကိုယ်စားလှယ် (၁၂) ဦးမှ ဆွေးနွေးအတည်ပြုခဲ့ခြင်း၊ COVID-19 ကြောင့် လူမှုစီးပွားကုစားရေးအတွက် JICA မှ ဂျပန်ယန်း ၃၀ ဘီလီယံ ချေးယူသည့် ကိစ္စရပ်အား ကိုယ်စားလှယ် (၁၀) ဦးမှ ဆွေးနွေးအတည်ပြုခဲ့ခြင်းနှင့် မဲခေါင်မြစ်ဝှမ်းဒေသ ကျန်းမာရေးအတွက် ADB မှ USD သန်း ၃၀ ချေးယူသည့် ကိစ္စရပ်အား ကိုယ်စားလှယ် (၃) ဦးမှ ဆွေးနွေးအတည်ပြုနိုင်ခဲ့ပါသည်။ ထို့နောက် ပြည်ထောင်စုလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် COVID-19၏ သက်ရောက်မှုများကို တုန့်ပြန်ခြင်းနှင့် အသုံးစရိတ်ဆိုင်ရာ အထောက်အပံ့အစီအစဉ် နှင့် ပတ်သက်၍ ADB မှ USD သန်း ၂၅၀ ချေးယူသည့် ကိစ္စရပ်အား ကိုယ်စားလှယ် (၅) ဦးမှ ဆွေးနွေးအတည်ပြုနိုင်ခဲ့ပါသည်။[14]

## နိုင်ငံအချို့၏ ကျန်းမာရေးဆိုင်ရာ ဘတ်ဂျက်အသုံးစရိတ်များကို ခွဲဝေသုံးစွဲမှုများ

၂၂။ ကနဦးရန်ပုံငွေများ ဦးစားပေးသုံးစွဲခွင့် ရရှိရေးအတွက် အချို့နိုင်ငံများသည် လက်ရှိ ဘတ်ဂျက်ကို ပြောင်းလွယ်ပြင်လွယ်ရှိစေရန်နှင့် အထူးအသုံးစရိတ်များကို ခွင့်ပြုချမှတ်

[13] ပြည်ထောင်စုလွှတ်တော် (၁၆) ကြိမ်မြောက်ပုံမှန်အစည်းအဝေး၊ ပထမနေ့ အစီအစဉ်မှ ကောက်နုတ်တင်ပြထားပါသည်။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၄ ရက်

[14] IBID

ဆောင်ရွက်ရန် ဖြစ်ပါသည်။ ကိုဗစ်-၁၉ ကူးစက်ခံစားနေရသည့် နိုင်ငံအများစုသည် ကျန်းမာရေး ဘတ်ဂျက်ကို ပြောင်းလွယ်ပြင်လွယ်ရှိစေရန် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုစနစ် ဆောင်ရွက်ထား ကြောင်းတွေ့ရှိရပါသည်။

(က) **အမေရိကန်ပြည်ထောင်စု။** အမေရိကန်ပြည်ထောင်စုတွင် သဘာဝဘေး အန္တရာယ်တစ်ရပ်မမျှော်လင့်ဘဲ ကျရောက်လာပါက သမ္မတမှ ဘေးအန္တရာယ် ကယ်ဆယ်နိုင်ရေးအတွက် ပြည်နယ်များကိုကူညီပေးရန် အမေရိကန် ဒေါ်လာ ၅၀ billions သုံးစွဲခွင့်ပြုသည့် ဖက်ဒရယ်ဥပဒေတစ်ရပ် ပြဋ္ဌာန်းထားပါသည်။ ၎င်း ဥပဒေကို Stafford Act ဥပဒေ ဟုခေါ်ပါသည်။ အမေရိကန်လွှတ်တော်တွင် အရေးပေါ်ကာလ စီးပွားရေးထိခိုက်မှုများကို တုန့်ပြန်ရန်အတွက် Families First Coronavirus Act ကို မတ်လ ၁၈ ရက်နေ့တွင် ဥပဒေပြုပြဋ္ဌာန်းခဲ့ရာ နိုင်ငံရေးပါတီ ၂ ရပ်လုံး ထောက်ခံမှုကို ရရှိခဲ့သောကြောင့် ထူးထူးခြားခြား ပါတီ ၂ ရပ်၏ ညီညွတ် မှုကို ပြသခဲ့ပါသည်။ မတ်လ ၂၅ ရက်နေ့တွင် ရောဂါအကျိုးဆက်များ နည်းပါး စေရေး အသုံးစရိတ်အတွက် အမေရိကန်ဒေါ်လာ ၂ ထရီလီယံ သုံးစွဲရန် သမ္မတရုံး နှင့် လွှတ်တော်တို့၏ သဘောတူညီမှုကို ရရှိခဲ့ပါသည်။ ဘဏ္ဍာငွေ ထပ်တိုးသုံးစွဲ ခြင်းအတွက် အနည်းဆုံး ပြည်နယ် ၁၂ ခုတွင် လည်းကောင်း၊ ပြည်နယ် ဘတ်ဂျက် များလွှဲပြောင်းသုံးစွဲခြင်း ဥပဒေများကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါသည်။

**(ခ)** **တရုတ်။** တရုတ်တွင်လည်း အရေးပေါ်အခြေအနေတစ်ရပ်ရပ်အတွက်ဘတ်ဂျက် ကို ပြန်လည်ခွဲဝေသုံးစွဲနိုင်သည့် ဘတ်ဂျက်ဥပဒေဖြင့် ဆောင်ရွက်လျက် ရှိပါသည်။ ထို့ပြင် ကပ်ရောဂါကူးစက်ခံရသည့်ဒေသများရှိ ဒေသန္တရအစိုးရများသည် ကျန်းမာရေး ပစ္စည်းဝယ်ယူရသည့်ဌာနများအတွက် အသုံးစရိတ်သုံးစွဲခွင့်နှင့် အခွင့်အာဏာ ပေးအပ်ထားပါသည်။ တရုတ်အစိုးရသည် ရောဂါဗဟိုချက်ဖြစ်ခဲ့သည့် ဟူဘေး ပြည်နယ်သို့ ဗဟိုအစိုးရမှ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ထောက်ပံ့ငွေ တစ်ရပ်လွှဲပြောင်း ပေးခဲ့ပါသည်။ ကာလအပိုင်းအခြားအလိုက် လွှဲပြောင်းထောက်ပံ့ မှုရှိကြောင်း တွေ့ရှိရပါသည်။ တရုတ်နိုင်ငံဘဏ္ဍာရေးဝန်ကြီးမှ ဒေသန္တရအစိုးရ

များအတွက် ဘဏ္ဍာရေးစည်းမျဉ်းကို ဖြေလျှော့ပေးခဲ့ပါသည်။ ၎င်းဖြေလျှော့မှုကို ဘတ်ဂျက် ကြေငြာချက်အဖြစ် ၂၀၂၀ ပြည့်နှစ် ဖွန်လ ၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။[15] ကိုဗစ်အတွက် ဗဟိုအစိုးရကသတ်မှတ်ပေးထားသော နေရာတွင်သာ သုံးစွဲရမည့် ဘတ်ဂျက်ကိုဘဏ္ဍာရေးဝန်ကြီးဌာနမှတဆင့် ဘဏ္ဍာရေးဆိုင်ရာကြေငြာ ချက်များအဖြစ်ထုတ်ပြန်ခဲ့ပါသည်။ ထို့ပြင် Covid-19 ကို အဓိက ရင်ဆိုင်ဖြေရှင်း သူများထံချပေးသော ငွေနှင့် အသုံးစရိတ်များ ရောက်ရှိစေရန် အရှိန်တိုးမြှင့် လုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ အစိုးရသည် ငွေကြိုတင်ထုတ်ပေးမှုကို အကောင်အထည် ဖော်နိုင်ခဲ့သောကြောင့် ဟူဘေးပြည်နယ်သည် ငွေကြေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးကို လျှော့ချနိုင်ခဲ့ပါသည်။ အစိုးရမှဒေသန္တရအဆင့်တွင် နိုင်ငံအရင်းအမြစ်များအပေါ် မလျော်သော ကိစ္စရပ်များ မဖြစ်ပေါ်စေရေးအတွက် တာဝန်ယူ မှု၊ တာဝန်ခံမှု၊ သတင်းပေးပို့မှုနှင့် စောင့်ကြပ်ကြည့်ရှုမှုစွမ်းရည်အားကောင်းလာစေရန် အကောင်အထည်ဖော်ဆောင်ရွက်ထားကြောင်းတွေ့ရှိရပါသည်။

(ဂ) **အင်ဒိုနီးရှား။** အင်ဒိုနီးရှားအစိုးရသည် COVID-19 ကူးစက်ရောဂါ ဖြစ်ပွားလာသည့်အခါ ၎င်းရောဂါကို ကုစားပေး၍ လတ်တလောအခြားအရေးမကြီးသည့် အသုံးစရိတ်များ သုံးစွဲမှုကို ရပ်နားလိုက်ပါသည်။ မူလလျာထားသော အစိုးရဘတ်ဂျက်မှ အမေရိကန် ဒေါ်လာ သန်း ၆၅၀ ကို ပြန်လည်ခွဲဝေသုံးစွဲမည့် အစီအစဉ်ရှိပါသည်။ အင်ဒိုနီးရှားနိုင်ငံ လွှတ်တော်သည် COVID-19 အခြေအနေနှင့် လက်တွဲညီစေမည့် အစိုးရ၏ပစ္စည်းဝယ်ယူမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြုပြင်ပြောင်းလဲပေးနိုင်ခဲ့ပါသည်။

(ဃ) **ပြင်သစ်။** ပြင်သစ်နိုင်ငံတွင် အမျိုးသားကာကွယ်ရေးအာမခံရန်ပုံငွေမှ COVID-19 ကုစားရေးကို သုံးစွဲရေးအတွက် သီးခြားဘာသာရေးဥပဒေပြဋ္ဌာန်းပြီး ခွင့်ပြုဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါသည်။ ၎င်းအမျိုးသားကျန်းမာရေးအာမခံ

---

[15] WHO, How to budget for COVID-19 response?, available from:https://www.who.int/docs/default-source/health-financing/how-to-budget-for-covid-19-english.pdf?sfvrsn=356a8077_1 မှ ရရှိပါသည်။ access date{၂၀၂၀ ပြည့်နှစ်၊ ဖွန်လ ၂၆ ရက်}

ရန်ပုံငွေမှ COVID-19 ကာကွယ်ခြင်းတွင် အသုံးပြုသည့် နှာခေါင်းစည်းနှင့် ရောဂါပိုးစစ်ဆေးသည့် စက်ကိရိယာများ ဝယ်ယူခဲ့ပါသည်။ ၎င်းရန်ပုံငွေသို့ သီးခြားယူရိုငွေ ၂ ဘီလီယံ ကို ထပ်လောင်း၍ အရေးပေါ်သုံးစွဲရန် လျာထားခဲ့ပါသည်။ COVID-19 အရေးပေါ်သုံးစွဲရေးအတွက် ပြင်သစ်ဝန်ကြီးချုပ်သည် ၂၀၂၀ ပြည့်နှစ် မတ်လ ၁၈ ရက်နေ့တွင် ဖြည့်စွက်ဘတ်ဂျက်ကို လွှတ်တော်သို့ တင်သွင်းသည့်အခါ အောက်လွှတ်တော်မှ မတ်လ ၁၉ ရက်နေ့တွင် လည်းကောင်း၊ အထက်လွှတ်တော်မှ မတ်လ ၂၀ ရက်နေ့တွင်လည်းကောင်း ကိုယ်စားလှယ်များ မဲပေးခြင်းနှင့် ဆွေးနွေးခြင်းများအတွက် လုံလောက်သော ကျန်းမာရေးကြိုတင်ကာကွယ်မှုများကို ဆောင်ရွက်၍အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ထို့ပြင် အစိုးရသည်ချမှတ်သတ်မှတ်ပေးသော ဘဏ္ဍာငွေအောက်ခြေအဆင့်အထိ စီးဆင်းမှု မြန်ဆန်စေရန် မလုံလောက်သည့် အဆင့်များကို ဖယ်ရှားပေးခဲ့ပါသည်။ နိုင်ငံ၏ တန်ဖိုးရှိသော ဘတ်ဂျက်ကို အကျိုးရှိရှိသုံးစွဲနိုင်ရန် ပြောင်းလဲသည့် ဘတ်ဂျက်အစီအစဉ်တွင် မူဝါဒ၊ ရည်မှန်းချက်များတိတိကျကျ ချမှတ်ခြင်းစွမ်းဆောင်ရည်ညွှန်းကိန်းများ ဆောင်ရွက်ထားကြောင်း တွေ့ရှိရပါသည်။

(ဆ) **ဩစတြေးလျ။** ဩစတြေးလျနိုင်ငံ၏ ဘတ်ဂျက်အသစ်ရေးဆွဲရေးကို ပုံမှန်အားဖြင့် မေလအလယ်တွင် စတင်ရမည်ဖြစ်သော်လည်း ကိုဗစ်အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာခြင်းကြောင့် ဘတ်ဂျက်အသစ် မတင်နိုင်ဘဲရွှေ့ဆိုင်းခဲ့ရပါသည်။ အကြောင်းအရင်းမှာဘတ်ဂျက်ကို ပြင်ဆင်ရမည့် အနေအထားများရှိနေသောကြောင့် အရေးပေါ်ဘဏ္ဍာငွေပံ့ပိုးမှု ဥပဒေကြမ်းတစ်ခုကိုအစားထိုးဆောင်ရွက်ခဲ့ပါသည်။ အစိုးရသည် COVID-19 အန္တရာယ် ရင်ဆိုင်ဖြေရှင်းနေရသော ရှေ့တန်းကျန်းမာရေး လုပ်သားများ၏ လိုအပ်သော ဘဏ္ဍာငွေကြေးကိုအလျင်အမြန် ရောက်ရှိရန် ခွဲဝေပေးခဲ့သဖြင့် နိုင်ငံ၏အခြေခံကျဆုံးသော

ကျန်းမာရေးနယ်ပယ်များတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ဆေးပေးခန်းများ ဖွင့်လှစ်နိုင်ခဲ့ကြောင်း တွေ့ရှိရပါ သည်။[16]

**(ဓ)** **တောင်ကိုရီးယား။** တောင်ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်သည် COVID-19 ကြောင့် အရေးပေါ်ရန်ပုံငွေ USD 10 Billion နှင့် စီးပွားရေးကုစားမှု အတွက် USD 11 Billion ထောက်ပံ့ပေးရန် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေပေးရေး ဥပဒေကြမ်း (၂) ခုကို အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။

**(ဈ)** **ဆွီဒင်။** ဆွီဒင်နိုင်ငံ လွှတ်တော်သည် COVID-19 ရောဂါကို အရေးပေါ်တုန့်ပြန်နိုင်ရန် နောက်ထပ်ဘဏ္ဍာငွေခွဲဝေရေး ဥပဒေကြမ်း တင်သွင်းဆုံးဖြတ်ချက်များကို ၂ ရက်တာ အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပုံမှန်အားဖြင့် ထိုလုပ်ငန်းစဉ်သည် ၆ ပတ် မှ ၇ ပတ် ကာလထိ ကြာမြင့်နိုင်သည့် လုပ်ငန်းစဉ် တစ်ခုဖြစ်ပါသည်။

## သုံးသပ်ချက်

၂၃။ ရောဂါကပ်ဘေးကာကွယ်ထိန်းချုပ်ကုသမှုများတုန့်ပြန်ရာတွင် အချို့နိုင်ငံများ၏မူဝါဒများသည် တုန့်ပြန်မှုအားကောင်းပြီး ပြည်နယ်အစိုးရ၊ ဖက်ဒရယ်အစိုးရများသည် ထိထိရောက်ရောက် ကွပ်ကဲကြပ်မတ်နိုင်သည့်အပြင် အရေးပေါ်ကျန်းမာရေးအသုံးစရိတ်များကို လျင်လျင်မြန်မြန်ချမှတ်ဖြန့်ဝေကြောင်းလည်း တွေ့ရှိရပါသည်။ လက်တွေ့အကောင်အထည်ဖော်ရာတွင် သုံးစွဲမှုကို ထိရောက်စေရန် အနီးကပ်စောင့်ကြည့်လေ့လာမှုများ ပြုလုပ်နိုင်ကြပါသည်။

၂၄။ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့သည် ဆက်စပ်လျက်ရှိပါသည်။ စီးပွားရေးအကြပ်အတည်း ကြုံတွေ့ရမှုသည် လူတစ်ဦးချင်းစီ ကျန်းမာရေးဘက်စုံကာကွယ်စောင့်ရှောက်မှုအပေါ်တွင် များစွာဂယက်ရိုက်ခတ်ပါသည်။

[16] WHO, How to budget for COVID-19 response?, available from:https://www.who.int/docs/default-source/health-financing/how-to-budget-for-covid-19-english.pdf?sfvrsn=356a8077_1 မှ ရရှိပါသည်။ access date{၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၆ ရက်}

၂၅။ အစိုးရများ၏ ကိုဗစ်ကပ်ရောဂါအကြပ်အတည်းကို ရင်ဆိုင်ရာတွင် ပြောင်းလဲကျင့်သုံးသော မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များသည် ပါဝင်သူအားလုံးနှင့် ဆောင်ရွက်မှုအားလုံးတွင် စွမ်းရည်ပြည့်ဝမှုနှင့် ထိရောက်မှုအတိုင်းအတာများပေါ်တွင် မူတည်ပါသည်။

၂၆။ အရေးပေါ်ဘဏ္ဍာရန်ပုံငွေ တင်သွင်းဆုံးဖြတ်ချက်များကို တိုတောင်းသော အချိန်ကာလအတွင်း တင်သွင်းဆုံးဖြတ်ရသည့်အတွက်ကြောင့် လွှတ်တော်များ၏ တာဝန်ယူတာဝန်ခံမှုများအပေါ် သက်ရောက်မှုများရှိပါသည်။ လွှတ်တော်၏ အရေးပါမှုနှင့် ဒီမိုကရေစီစံနှုန်းများနှင့်လည်း ကိုက်ညီမှု ရှိ/မရှိ ဆိုသည်မှာ စိန်ခေါ်မှုတစ်ခုပင်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ဘတ်ဂျက်ကို ကောင်းစွာထိန်းချုပ်နိုင်ရန်နှင့် SDG ကဲ့သို့သော အခြားသော ရည်မှန်းချက်များ၊ မူဝါဒများ၊ ပန်းတိုင်များနှင့် ကိုက်ညီစေရန် အကျင့်ပျက်ခြစားမှုများမှကာကွယ်ရန် ဆောင်ရွက်ရသည့် အချက်များကို လွှတ်တော်မှ ထိန်းချုပ်မည့် နည်းစနစ်များ၊ စွမ်းရည်ပြည့်ဝသော အဖွဲ့အစည်းများ ထူထောင်ပေးနိုင်မည့် အခွင့်အလမ်းများကို ဖန်တီးပေးရန် လိုအပ်ပါသည်။

**နိဂုံး**

၂၇။ COVID-19 ရောဂါ ကာကွယ်တိုက်ဖျက်ရေးအတွက် ကျန်းမာရေးနယ်ပယ်ဆိုင်ရာ ဘတ်ဂျက်ကို အဓိကထားစဉ်းစားရာတွင် ပြည်သူကိုတာဝန်ယူတာဝန်ခံရသည့် လွှတ်တော်၏ ကဏ္ဍသည် အထူးအရေးကြီးလှပါသည်။ နှစ်စဉ်ဘတ်ဂျက်များ အဆိုပြုမှု၊ သုံးစွဲမှုများကို အတည်ပြုရာ ကာလ ရှည်ကြွေးမြီများကို လေ့လာစောင့်ကြည့်ရာတွင် အရေးပေါ်ကိစ္စရပ်များ၊ အကြပ်အတည်း ကာလအတွက် ထည့်သွင်းစဉ်းစားရန် ဆောင်ရွက်ချက်များကို ကမ္ဘာ့နိုင်ငံအချို့၏ တုန့်ပြန်မှုများနှင့် ယှဉ်တွဲလေ့လာနိုင်ရန် ရေးသားပြုစုတင်ပြအပ်ပါသည်။

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

ဤစာတမ်းတိုအား ဒေါ်ဆုလှဲ့မိုမိုကို (ဒုတိယဦးစီးမှူး) မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ဝိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။


သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅